ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးဦးစီးဌာန

စာအမှတ်၊ PPD – PQ / ၂၀၂၄ ( ၈၀၇ )
ရက်စွဲ ၊ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်

**အကြောင်းအရာ။ တရုတ်နိုင်ငံသို့ နာနတ်သီး (Pineapple : *Ananas comosus*) တင်ပို့မည့် ကုမ္ပဏီများအား GACC တွင် မှတ်ပုံတင်နိုင်ရေးအကြောင်းကြားခြင်း**

၁။ တရုတ်နိုင်ငံသို့ နာနတ်သီးတင်ပို့မည့် ကုမ္ပဏီများအား မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နှစ်နိုင်ငံ ချုပ်ဆိုထားသော အပင်ပိုးမွှားကင်းရှင်းရေးဆိုင်ရာလိုအပ်ချက်သဘောတူစာချုပ်အရ Sanitary and Phytosanitary (SPS ) Protocol သတ်မှတ် စည်းကမ်းချက်များနှင့် အညီ နှစ်စဉ်ပုံမှန် စိစစ်မှတ်ပုံတင်ခြင်းကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ လျှောက်ထားလိုသည့် ကုမ္ပဏီများအနေဖြင့် လျှောက်လွှာများအား (၂၈-၂-၂၀၂၅) ရက်နေ့ နောက်ဆုံးထား၍ **သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်** စိုက်ပျိုးရေးဦးစီးဌာနများတွင် ရယူအဆိုပြုတင်ပြလျှောက်ထားနိုင်ကြောင်း ပူးတွဲပါ "လျှောက်လွှာပုံစံ" အား လုပ်ငန်း ရှင်များသို့ ဖြန့်ဝေပေးနိုင်ပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)
(သူရစိုး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်)

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)
(ညီနောင်အသင်းများ၊ အသင်းဝင်များသို့ ထပ်ဆင့်ဖြန့်ဝေပေးပါရန်)
ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမာန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့သူ၊ ရောင်းချသူများအသင်း
(အသင်းဝင်များသို့ ထပ်ဆင့်ဖြန့် ဝေပေးပါရန်)

မိတ္တူ။
ဒုတိယညွှန်ကြားရေးမှူးချုပ် ( တိုင်းဒေသကြီး/ပြည်နယ် )၊ စိုက်ပျိုးရေးဦးစီးဌာန
ညွှန်ကြားရေးမှူး၊ သီးနှံကာကွယ်ရေးဌာနခွဲ
တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန
ရုံးလက်ခံ

## တရုတ်နိုင်ငံသို့ နာနတ်သီး (Pineapple : Ananas comosus) တင်ပို့မည့် ကုမ္ပဏီအနေဖြင့် မှတ်ပုံတင်လျှောက်ထားရန် ဖိတ်ခေါ်ခြင်း

၁။ တရုတ်နိုင်ငံသို့ နာနတ်သီးတင်ပို့မည့် ကုမ္ပဏီများအား မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နှစ်နိုင်ငံချုပ်ဆိုထားသော အပင်ပိုးမွှားကင်းရှင်းရေးဆိုင်ရာ လိုအပ်ချက် သဘောတူစာချုပ်အရ Sanitary and Phytosanitary (SPS) Protocol သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နှစ်စဉ်ပုံမှန် စိစစ် မှတ်ပုံတင်ခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ လျှောက်ထားလိုသည့်ကုမ္ပဏီများအနေဖြင့် စိတ်ဝင်စားမှုအဆိုပြုလွှာများအား ( - -၂၀၂၅) ရက်နေ့ နောက်ဆုံးထား၍ တိုင်းဒေသကြီး/ပြည်နယ် အသီးသီးရှိ စိုက်ပျိုးရေးဦးစီးဌာန၊ ဦးစီးမှူးရုံးတွင် လျှောက်လွှာများရယူပြီး တင်ပြလျှောက်ထားနိုင်ပါသည်။

စိုက်ပျိုးရေးဦးစီးဌာန

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

လျှောက်လွှာရယူရန်နှင့်ဆက်သွယ်ရန်လိပ်စာ

စိုက်ပျိုးရေးဦးစီးဌာန
သီးနှံကာကွယ်ရေးဌာနခွဲ
ဘုရင့်နောင်လမ်းမကြီး၊ အနောက်ကြို့ကုန်း
အင်းစိန်၊ ရန်ကုန်
Ph- 01-644214, 09794399321

တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူး (ရုံး)
စိုက်ပျိုးရေးဦးစီးဌာန

လျှောက်လွှာများအား www.doa.gov.mm, နှင့် ppd.doa.gov.mmတွင် (Download) ဒေါင်းလုပ်ရယူ ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများတွင်လျှောက်ထားနိုင်ပါသည်။

ဖြန့်ဝေခြင်း

- ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) (ညီနောင်အသင်းများ၊ အသင်းဝင်များသို့ ထပ်ဆင့်ဖြန့်ဝေပေးပါရန်)
- ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသစ်သီးဝလံ၊ပန်းမာန်နှင့်ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့သူ၊ ရောင်းချသူများအသင်း
(အသင်းဝင်များသို့ ထပ်ဆင့်ဖြန့် ဝေပေးပါရန်)

**Expression of Interest (EOI) အဆိုပြု လျှောက်ထားရန်အတွက်လိုအပ်ချက် (၉) ချက်**

၁။ ကုမ္ပဏီမှတ်ပုံတင်နှင့် ဖွဲ့စည်းပုံ (Certificate of Incorporation, Company Extract) (မိတ္တူ)

- ပူးတွဲပေးပို့အပ်ပါသည်။

၂။ ပို့ကုန်သွင်းကုန် မှတ်ပုံတင်လက်မှတ် (မိတ္တူ)

- ပူးတွဲပေးပို့အပ်ပါသည်။

၃။ ကုမ္ပဏီလိပ်စာ၊ ဖုန်း၊ Email (အပြည့်အစုံဖော်ပြရန်)

(မြန်မာ) (အင်္ဂလိပ်ဖြင့် ဖော်ပြရန်)

-----------------------------------------------------------------------------------------

၄။ ကုမ္ပဏီနှင့် ဆက်သွယ်ရမည့် တာဝန်ရှိသူ (၂)ဦး၏ အမည်/ဖုန်း/Email

-----------------------------------------------------------------------------------------

၆။ လျှောက်ထားသည့် ကုမ္ပဏီ (၃) နှစ်အတွင်း နာနတ်သီးသီးတင်ပို့မှု

| **ဘဏ္ဍာနှစ်** | **တရုတ်နိုင်ငံ** | **အခြားနိုင်ငံ** | **စုစုပေါင်း** |
|---|---|---|---|
| ၂၀၂၂-၂၀၂၃ (April-March) | | | |
| ၂၀၂၃-၂၀၂၄ (April-March) | | | |

၇။ ကုမ္ပဏီ၏ စိုက်ခင်းတည်နေရာ၊ စိုက်ခင်းဧရိယာနှင့် Good Agricultural Practices ဆောင်ရွက်ထားရှိမှု

(က) စိုက်ခင်းတည်နေရာလိပ်စာ (မြန်မာ၊ အင်္ဂလိပ်) (၂ ခုလုံးဖော်ပြရန်)

-----------------------------------------------------------------------------------------

-----------------------------------------------------------------------------------------

(ခ) နာနတ်သီးမျိုးကွဲအမည်

(ဂ) စိုက်ခင်းဧရိယာစုစုပေါင်း ( ) ဧက

(ဃ) Good Agricultural Practices ဖြင့်ဆောင်ရွက်ထားသည့်စိုက်ဧရိယာ ( ) ဧက

(င) စိုက်ခင်း တည်နေရာ Google Map၊ North latitude & East Longitude

-----------------------------------------------------------------

၈။ နာနတ်သီးသန့်စင်စေရန်၊ အင်းဆက်ဖျက်ပိုးများနှင့် အခြားပစ္စည်းများကို ဖယ်ရှားရန်၊ တရုတ်နိုင်ငံမှ သတ်မှတ်ထားသော ထိန်းချုပ်ဖျက်ပိုးများ ကင်းရှင်းစေရန် နာနတ်သီးများကို ရေတွင် နှစ်မြှုပ်ခြင်းဆောင်ရွက်မှုနှင့်ပတ်သက်သည့် အချက်အလက်များ

- ပူးတွဲပေးပို့အပ်ပါသည်။

၉။ သန့်စင်ပြီး နာနတ်သီးများအတွက် ထုပ်ပိုးရုံများနှင့် ပတ်သက်သည့် အချက်အလက်များ

- ပူးတွဲပေးပို့အပ်ပါသည်။

(ကိုယ်ပိုင်မဟုတ်ပါက ပူးပေါင်းဆောင်ရွက်သည့် သဘောတူညီချက် ပူးတွဲရန်)

ကုမ္ပဏီ Letter Head ဖြင့်တင်ရန်

သို့

တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူး

စိုက်ပျိုးရေးဦးစီးဌာန

ရက်စွဲ ။ ၂၀၂၄ ခုနှစ် ၊ လ (   ) ရက်။

အကြောင်းအရာ။ **တရုတ်နိုင်ငံသို့ နာနတ်သီး (Pineapple : *Ananas comosus*) တင်ပို့ရောင်းချနိုင်ရေးအတွက် မှတ်ပုံတင်ခြင်းဆိုင်ရာ စိတ်ဝင်စားမှု အဆိုပြုလွှာပေးပို့ တင်ပြခြင်း။**

၁။ .................................... ကုမ္ပဏီလီမိတက်သည် တရုတ်နိုင်ငံသို့ နာနတ်သီး တင်ပို့ရောင်းချနိုင်ရေးအတွက် ပြည်ပတင်ပို့သည့် ကုမ္ပဏီမှတ်ပုံတင်ခြင်း (Exporter Registration) ကိစ္စတွင် ပါဝင်ဆောင်ရွက်ခွင့်ပြုပါရန် လျှောက်ထားအပ်ပါသည်။ ကုမ္ပဏီအနေဖြင့် ပြည်ပတင်ပို့ခြင်းကို အောက်ပါနေရာများမှ ဆောင်ရွက်ရန် စီစဉ်ထား ပါသည်။

(က) နယ်စပ်ဒေသမှ တင်ပို့ခြင်း ☐

(ခ) လေကြောင်းမှ တင်ပို့ခြင်း ☐

(ဂ) ပင်လယ်ရေကြောင်းမှ တင်ပို့ခြင်း ☐

၂။ လိုအပ်သည့် စာရွက်စာတမ်းများကို နောက်ဆက်တွဲဖြင့် ပြည့်စုံစွာ ပူးတွဲ တင်ပြအပ်ပါသည်။ တင်ပြသည့် နာနတ်စိုက်ခင်းများနှင့် ထုပ်ပိုးရုံများအား တိုင်းဒေသကြီး/ပြည်နယ် အလိုက် စိုက်ပျိုးရေးဦးစီးဌာန (တိုင်းဒေသကြီး/ပြည်နယ်) ဦးစီးမှူးများမှ တာဝန်ပေးအပ်သော အဖွဲ့မှ စိစစ်စစ်ဆေးသွားမည်ဖြစ်၍ စိုက်ပျိုးရေးဦးစီးဌာန၏ စိစစ်ဆုံးဖြတ်ချက် ၊ စည်းမျဉ်းစည်းကမ်းများအပေါ် အလေးထား လိုက်နာဆောင်ရွက်သွားပါမည်ဟု ဝန်ခံကတိပြုပါသည်။

၃။ တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချရာတွင် သတ်မှတ်အရည်အသွေး စံချိန်စံညွှန်းများအတိုင်း တင်ပို့ရောင်းချနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့်......................ကုမ္ပဏီအား မှတ်ပုံတင်စာရင်းပေးသွင်းနိုင်ပါရန် စိတ်ဝင်စားမှု အဆိုပြုလွှာပေးပို့တင်ပြ လျှောက်ထားအပ်ပါသည်။

ရုံးတံဆိပ်တုံး

အုပ်ချုပ်မှုဒါရိုက်တာ

...................ကုမ္ပဏီ

ကုမ္ပဏီ Letter Head ဖြင့်တင်ရန်

သို့

ညွှန်ကြားရေးမှူးချုပ်
စိုက်ပျိုးရေးဦးစီးဌာန

ရက်စွဲ ။ ၂၀၂၄ ခုနှစ် ၊ လ ( ) ရက်။

အကြောင်းအရာ။ **တရုတ်နိုင်ငံသို့ နာနတ်သီး (Pineapple : *Ananas comosus*) တင်ပို့ရောင်းချနိုင်ရေးအတွက် မှတ်ပုံတင်ခြင်းဆိုင်ရာ စိတ်ဝင်စားမှု အဆိုပြုလွှာနှင့်ပတ်သက်၍ ဝန်ခံကတိပြုခြင်း**

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ------------ကုမ္ပဏီအမည်--------------- သည် တရုတ်နိုင်ငံသို့ နာနတ်သီး (Pineapple : *Ananas comosus*) တင်ပို့ရောင်းချနိုင်ရေးအတွက် မှတ်ပုံတင်ခြင်းဆိုင်ရာ စိတ်ဝင်စားမှု အဆိုပြုလွှာ နှင့်ပတ်သက်၍ ဖော်ပြထားသော အချက်အလက်များသည် မှန်ကန်မှုရှိပါကြောင်း ဝန်ခံကတိပြုပါသည်။

၂။ မမှန်ကန်သော အချက်အလက်များအား ဖော်ပြလျှောက်ထားပါက တည်ဆဲဥပဒေများဖြင့် အရေးယူခံရမည်ဖြစ်သည်ကိုလည်း သိရှိပါကြောင်းတင်ပြအပ်ပါသည်။

အုပ်ချုပ်မှုဒါရိုက်တာ (MD/Director)
......................ကုမ္ပဏီ

## ထုပ်ပိုးရုံဆိုင်ရာ အချက်အလက် (၁၀) ချက်
## (အမှတ်စဉ်-၉ ၏ ပူးတွဲတင်ပြလွှာ)

သန့်စင်ပြီးနာနတ်သီးများအား စနစ်တကျထုပ်ပိုးထားရှိမည့် ထုတ်ပိုးရုံများနှင့်ပတ်သက်သည့် အချက်အလက်များ (ထုတ်ပိုးရုံတစ်ခုထက်ပိုပါက အမှတ်စဉ်တပ်ဖော်ပြရန်)

ထုတ်ပိုးရုံ၏ အချက်အလက်များ

(၁) လျှောက်ထားသည့် ကုမ္ပဏီအမည် -

(၂) ကိုယ်ပိုင်/အငှား -

(၃) ပိုင်ရှင်အမည် -

(၄) ထုပ်ပိုးရုံ တည်နေရာလိပ်စာ (မြန်မာ/အင်္ဂလိပ်ဖြင့် ပြည့်စုံစွာဖော်ပြရန်)

---------------------------------------------------------------------------------------------------

---------------------------------------------------------------------------------------------------

(၅) ထုပ်ပိုးရုံ အတိုင်းအတာ (လ x န x မ) -

(၆) ထုပ်ပိုးရုံ အမျိုးအစား (အခင်း၊ အကာ၊ အမိုး) -

(၇) ထုပ်ပိုးရုံ တည်ထောင်သည့် ခုနှစ် -

(၈) ထုပ်ပိုးထားရှိနိုင်သည့် နာနတ်သီးတန်ချိန် ပမာဏ -

(၉) ထုပ်ပိုးရုံ နှင့်ပတ်သက်၍ ဆက်သွယ်ရန် (အမည်/ဖုန်း/Email)

---------------------------------------------------------------------------------------------------

---------------------------------------------------------------------------------------------------

(၁၀) ထုပ်ပိုးရုံ၏ တည်နေရာ Google Map၊ North latitude & East Longitude နှင့် အရှေ့၊ အနောက်၊ တောင်၊ မြောက် ဓာတ်ပုံပူးတွဲတင်ပြရန်။
(ငှားရမ်းထားပါက ပူးပေါင်းဆောင်ရွက်သည့် သဘောတူညီချက် ပူးတွဲတင်ပြရန်)

လျှောက်ထားသူလက်မှတ် -

လျှောက်ထားသူ အမည် -

ဆက်သွယ်ရန်ဖုန်းနံပါတ် -

အုပ်ချုပ်မှုဒါရိုက်တာ (MD/Director)

......................ကုမ္ပဏီ

## တရုတ်နိုင်ငံသို့ နာနတ်သီးတင်ပို့နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ

## Standard Operation Procedure (SOP)

### နာနတ် စိုက်ပျိုးသူများ၊ နာနတ်ခြံများ လိုက်နာဆောင်ရွက်ရမည့် အချက်များ

(၁) စိုက်ပျိုးသူများသည် နာနတ်သီးမျိုးစိတ် (*Ananas comosus*) ကိုစိုက်ပျိုး၍ လတ်ဆတ်သော နာနတ်သီးများကို တင်ပို့ရန် ခြံများ၊ ထုတ်ပိုးရုံများကို မှတ်ပုံတင်ရမည်။

(၂) တင်ပို့မည့် နာနတ်ခြံများတွင် အသီးကြွေများ၊ အသီးပုတ်များ ကို ဖယ်ရှားခြင်း၊ ခြံသန့်ရှင်းရေးအပါအဝင် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) ကို လိုက်နာဆောင်ရွက်ရမည်။

(၃) ထိန်းချုပ်ဖျက်ပိုးများ စောင့်ကြည့်စစ်ဆေးခြင်း၊ ဘက်စုံကာကွယ်နှိမ်နင်းခြင်း နှင့် အပင်ပိုးမွှားကင်းရှင်းရေးဆိုင်ရာ အစီအမံများကိုဆောင်ရွက်ရာတွင် ဌာန၏ ကြီးကြပ်လမ်းညွှန်ချက်ဖြင့် ဆောင်ရွက်ရမည်။

(၄) ခြံအားလုံးတွင် အပင်၏ ပင်စည်များ၊ အကိုင်းများ၊ အရွက်များ နှင့် အသီးများတွင် ပိုးစေးနဲနှင့်ယင်ဖြူဖျက်ပိုးများ ရှိ/မရှိ ကို ပန်းပွင့်ချိန်မှ ခူးဆွတ်ချိန်အထိ အနည်းဆုံး (၂) ပတ် တစ်ကြိမ် မျက်မြင်စစ်ဆေးခြင်းကို ဆောင်ရွက်ရမည်။

(၅) နာနတ်သီးပုပ်/ မျက်အိမ်ပုပ်ရောဂါ (*Fusarium sacchari)* အတွက် ပန်းပွင့်ချိန်၊ အသီးငယ်ဖြစ်ချိန်နှင့် မခူးဆွတ်မီအချိန် တစ်ကြိမ်စီ မျက်မြင်စစ်ဆေးခြင်းကို ဆောင်ရွက်၍ အပင်၏ (၂) ရာခိုင်နှုန်းကို ကျပန်းရွေးချယ်ကာ ပင်စည်များ၊ အကိုင်းများ၊ အရွက်များ၊ အသီးများနှင့် အခြားအစိတ်အပိုင်းများကို စစ်ဆေးရမည်။ ဖြစ်နိုင်ခြေရှိသည့် ရောဂါ လက္ခဏာများ တွေ့ရှိခဲ့ပါက ထပ်မံ နမူနာယူ စစ်ဆေးရပါမည်။

(၆) ခြံများတွင် ဖျက်ပိုးစောင့်ကြည့်စစ်ဆေးခြင်းနှင့် ကာကွယ်နှိမ်နင်းခြင်း မှတ်တမ်းများကို အနည်းဆုံး (၂) နှစ်ကြာ ထိန်းသိမ်းထားရပါမည်။ မှတ်တမ်းများတွင် စစ်ဆေးသည့်ရက်စွဲ၊ တွေ့ရှိရသည့်ဖျက်ပိုးအမည်၊ အသုံးပြုသည့် စိုက်ပျိုးရေးသုံး ဓါတုပစ္စည်းနှင့် ဓါတုပစ္စည်းပါဝင်မှု၊ အသုံးပြုသည့်နှုန်းထားနှင့် သုံးစွဲသည့်ရက်စွဲကဲ့သို့သော သတင်းအချက်များ မှတ်သားရမည်။

### တင်ပို့သူများလိုက်နာဆောင်ရွက်ရမည့် အချက်များ

(၁) တင်ပို့မည့် လတ်ဆတ်သော နာနတ်သီးသည် တရုတ်နိုင်ငံ၏ အပင်ပိုးမွှားရောဂါကင်းရှင်းရေးဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများနှင့် ကိုက်ညီရမည်ဖြစ်ပြီး တရုတ်နိုင်ငံ၏ သတ်မှတ်ထိန်းချုပ်ဖျက်ပိုးများနှင့် မြေကြီး ကင်းရှင်းရပါမည်။

(၂) တရုတ်နိုင်ငံသို့ နာနတ်သီးတင်ပို့ရန်ရည်ရွယ်ထားသော ခြံအားလုံးနှင့် ထုပ်ပိုးရုံများ မှတ်ပုံတင်ပြီး MOALI နှင့် GACCမှ အသိအမှတ်ပြုထားရမည်။

(၃) တင်ပို့မည့်နာနတ်သီးများကို မှတ်ပုံတင်ထားသော ထုပ်ပိုးရုံများတွင် ပြုပြင်စီမံခြင်းနှင့် ထုပ်ပိုးခြင်းတို့ ဆောင်ရွက်ရမည်။

(၄) ထုပ်ပိုးစဉ်အတွင်း အသီးများတွင် အင်းဆက်ဖျက်ပိုး၊ မွှား၊ ခရုနှင့် ပေါင်းစေ့များ၊ အသီး ပုပ်များ၊ အပင်အကြွင်းအကျန်များနှင့် မြေကြီးကင်းစင်စေရန် နာနတ်သီးများကို ရွေးချယ်ခြင်း၊ ဖိအားမြင့်ရေဖြင့်ဆေးကြောခြင်း၊ ပိုးမွှားသန့်စင်ခြင်း၊ လေမှုတ်အခြောက်ခံခြင်း၊ အရွယ်အစားခွဲခြားခြင်း ဆောင်ရွက်ရမည်။

(၅) ထုပ်ပိုးပစ္စည်းများသည် သန့်ရှင်း၍ ဖျက်ပိုးနှင့် အဆိပ်ရှိပစ္စည်းအန္တရာယ်ကင်းသည့် အသုံးမပြုရသေးသည့် ပစ္စည်းအသစ်များဖြစ်ရမည်။

(၆) သစ်သားထုပ်ပိုးပစ္စည်းများ အသုံးပြုပါက အပင်ပိုးမွှားကင်းရှင်းရေးဆိုင်ရာ နိုင်ငံတကာစံချိန်စံညွှန်းအမှတ် (၁၅) (ISPM-15)နှင့် ကိုက်ညီရမည်။

(၇) မတင်ပို့မီ ထုပ်ပိုးထားသည့် နာနတ်သီးများကို သိုလှောင်ပါက ထပ်ဆင့်ကူးစက် ဖျက်ပိုးဖျက်ဆီးခြင်းကို ကာကွယ်ရန် သတ်မှတ်ထားသည့် အခန်းထဲတွင် ချက်ချင်းသိုလှောင်ပြီး သီးသန့်ထားရှိရမည်။

(၈) အသီးအမည်၊ တင်ပို့သည့်နိုင်ငံ၊ စိုက်ပျိုးထုတ်လုပ်သည့်နေရာ (ပြည်နယ် (သို့မဟုတ်) တိုင်း၊ မြို့ (သို့မဟုတ်) ခရိုင်)၊ ခြံနှင့် ထုတ်ပိုးရုံများ၏ အမည် (သို့မဟုတ်) မှတ်ပုံတင်နံပါတ် အစရှိသည်တို့ကို အင်္ဂလိပ် (သို့မဟုတ်) တရုတ်ဘာသာဖြင့် ထုတ်ပိုးသည့် ပုံးတိုင်းတွင် အညွှန်းစာတပ်ထားရမည်။ **"Exported to the People's Republic of China"** စာသားကို ပုံးနှင့် အောက်ခံခုံတိုင်းတွင် ထည့်ပေးရမည်။

(၉) တင်ပို့မည့် နာနတ်သီးအတွက် ကွန်တိန်နာများ (သို့မဟုတ်) အမိုးအကာပါသော ယာဉ်များသည် သန့်ရှင်း၍ ဖျက်ပိုးနှင့် အဆိပ်အန္တရာယ်ကင်းပြီး အလုံပိတ်ထားရမည်။ ပိတ်ထားသည့် အမှတ်အသားများသည် တရုတ်နိုင်ငံဆိုက်ရောက်နေရာသို့ ရောက်သောအခါ နဂိုပိတ်ထားသည့်အတိုင်း ရှိနေရမည်။

(၁၀) တင်ပို့သည့် နာနတ်သီးများအတွက် မှတ်ပုံတင်ထားသော ခြံများသို့ ပြန်လည်နောက်ကြောင်းလိုက်ရန် ထုပ်ပိုးရုံများသည် ပြုပြင်စီမံထုပ်ပိုးသည့် ရက်စွဲ၊ မူရင်းခြံ၏ အမည် (သို့မဟုတ်) မှတ်ပုံတင်နံပါတ်၊ နာနတ်သီးထွက်ရှိသည့်ပမာဏ၊ တင်ပို့သည့်ရက်စွဲ၊ တင်ပို့သည့်ပမာဏ၊ နောက်ဆုံးဆိုက်ရောက်မည့်နိုင်ငံ၊ ယာဉ် (သို့မဟုတ်) ကွန်တိန်နာ နံပါတ်နှင့် အခြား သတင်းအချက်အလက်များကို မှတ်တမ်းထားရမည်။

(၁၁) ပြုပြင်စီမံစဉ်အတွင်း ဓါတုပစ္စည်းအသုံးပြုခဲ့ပါက အမည်၊ ဓါတုပစ္စည်းပါဝင်မှု၊ ဆေးနှုန်းထား၊ အသုံးပြုသည့်ရက်စွဲနှင့် အခြားသတင်းအချက်အလက်များကို မှတ်တမ်းထားရမည်။

(၁၂) မှတ်တမ်းအားလုံးကို အနည်းဆုံး (၂) နှစ်ကြာ ထိန်းသိမ်းထားရမည်။

**စစ်ဆေးသူများလိုက်နာဆောင်ရွက်ရမည့်အချက်များ**

(၁) နာနတ်ခြံများတွင် သတ်မှတ်ထိန်းချုပ် ဖျက်ပိုးများ ပိုးစေးနဲ နှင့်ယင်ဖြူ၊ နာနတ်သီးပုပ်/မျက်အိမ်ပုပ်ရောဂါစောင့်ကြည့်စစ်ဆေးခြင်း၊ ကာကွယ်နှိမ်နင်းခြင်း၊ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) ဆောင်ရွက်ခြင်း နှင့် တင်ပို့မည့် နာနတ်သီးများ ပြုပြင်ခြင်း၊ စီမံခြင်း၊ ထုပ်ပိုးခြင်း၊ သိုလှောင်ခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းတို့ကို ကြီးကြပ်ဆောင်ရွက် စစ်ဆေးရမည်။ အဆိုပါသတင်းအချက်အလက်များကို GACC သို့ အချိန်နှင့် တပြေးညီ အသိပေးအကြောင်းကြားရမည်။

(၂) စတင်ပို့သည်မှ ပထမ (၂) နှစ်အတွင်း အပင်ပိုးမွှားရောဂါ ကင်းရှင်းရေးဆိုင်ရာ စစ်ဆေးခြင်းအတွက် ကုန်စည်စုတစ်ခုစီမှ နမူနာအရွယ်အစားသည် (၂) ရာခိုင်နှုန်း ၊ ယင်းနမူနာမှ (၃) ရာခိုင်နှုန်း (အနည်းဆုံး နာနတ်သီး (၁၀) လုံး) ကို သီးလုံးဖောက်ပိုး ပါ/မပါ ခွဲစိတ်စစ်ဆေးရမည်။

(၃) ပထမ (၂) နှစ်အတွင်း အပင်ပိုးမွှားရောဂါကင်းရှင်းရေးဆိုင်ရာ ပြဿနာမတွေ့ခဲ့ပါက နမူနာယူသော အရွယ်အစားကို (၁) ရာခိုင်နှုန်းသို့ လျှော့ချစစ်ဆေးနိုင်သည်။

(၄) သတ်မှတ်ထိန်းချုပ်ဖျက်ပိုးအရှင်(သို့မဟုတ်)မြေကြီး ကင်းရှင်းပြီး တရုတ်နိုင်ငံ၏ သတ်မှတ်ချက်များနှင့်ကိုက်ညီစေရန် မတင်ပို့မီ အပင်ပိုးမွှားကင်းစင်ရေးဆိုင်ရာ စစ်ဆေးခြင်းကို ဆောင်ရွက်ရမည်။ သတ်မှတ်ချက်ကိုက်ညီသော ကုန်စည်စုအတွက် အပင်ပိုးမွှားကင်းရှင်းကြောင်း သက်သေခံလက်မှတ် ထုတ်ပေးရမည်။

(၅) **"မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့လတ်ဆတ်သော နာနတ်သီးများတင်ပို့ရာတွင် တရုတ်နိုင်ငံ၏ အပင်ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်သဘောတူစာချုပ်နှင့် ကိုက်ညီမှုရှိကာ တရုတ်နိုင်ငံ၏ သတ်မှတ်ထိန်းချုပ်ဖျက်ပိုးများကင်းရှင်းပါသည်"**"This consignment complies with the requirements specified in the Protocol of Phytosanitary Requirements for Export of Fresh Pineapple Fruits from Myanmar to China, and is free from the quarantine pests of concern to China."ဟု ထပ်ဆောင်းဖော်ပြချက်ကို ထည့်သွင်းပေးရမည်။